


VOLUME I, ISSUE 60


29 June 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)သို့ တက်ရောက် အမှာစကားပြောကြား | ၄ |
| ၃ | ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDMဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း | ၆ |
| ၄ | ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ | ၇ |
| ၅ | (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးကျင်းပ | ၈ |
| ၆ | အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ | ၉ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇ | မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ် Anti-Personal Mine Ban Convention (APMBC)၏ ၂၀၂၂ ခုနှစ်၊ Intersessional Meeting သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၁၀ |
| ၈ | (၃၆) ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပ | ၁၁ |
| ၉ | နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ သာမန်ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေ | ၁၂ |
| ၁၀ | တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု | ၁၃ |
| ၁၁ | အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများ ပြုလုပ် | ၁၅ |
| ၁၂ | ချောင်းဦးမြို့နယ်၊ မုံရွာ-မန္တလေး ကားလမ်းပေါ်၌ PDF အကြမ်းဖက်သမားများက မိုင်းထောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာများစွာရရှိ | ၁၆ |
| ၁၃ | ထီးလင်းမြို့ပေါ်သို့ PDF အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ရာ ပြည်သူများ၏နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲ | ၁၈ |
| ၁၄ | အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် တိုက်ခန်းအတွင်း လက်လုပ်မိုင်းတပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွား | ၁၈ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Burma Final Revolution Armed Force- BFRAF အမည်ခံအကြမ်းဖက် အဖွဲ့ဝင်များအား ဖမ်းဆီးရမိ | ၁၉ |
| ၁၆ | ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၉)အား ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ | ၂၄ |
| ၁၇ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဇွန်လ ၂၉ ရက်တွင် နေပြည်တော်ရှိ ဗေဟုသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။

ထိုသို့ ဂါရဝပြုတွေ့ဆုံရာ၌-

- နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ။
- မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များပပျောက်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။
- နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေများ။
- နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများကျင်းပရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ ဖလှယ်နိုင်ရေးတို့အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်မည့်အခြေအနေများ။
- မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန်ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးနေမှုအခြေအနေများ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDMဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံဆွေးနွေးနေမှု**


ထားမှုနှင့်ပတ်သက်၍ ထိုင်းတပ်မတော်မှလည်း ၎င်းတို့၏နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။


အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးချစ်ဆွေတို့ တက်ရောက်ခဲ့ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းကြည်းတပ်စစ်သံမှူး Col. Saranyanis Sutthiwajachinadej နှင့် ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီရုပ်မြင်သံကြားသတင်း ၂၉-၆-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံခဲ့။**
- **မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များပပျောက်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ။**
- **မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန်ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ပြီး တွေ့ဆုံဆွေးနွေးနေမှုအခြေအနေများ။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုနှင့်ပတ်သက်၍ ထိုင်းတပ်မတော်မှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်မှ Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံနေသည့် မှတ်တမ်းဓာတ်ပုံများ**







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၂)ကို ဇွန်လ ၂၈ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပခဲ့ပြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုလျှင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးကျပ် ၂၁ ဒသမ ၇၇၁ ဘီလီယံရှိသည့်အတွက် ယခင်နှစ်တစ်နှစ်လုံးနှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးရမိခန့်မှန်းတန်ဖိုး ကျပ် ၁၃ ဒသမ ၃၁၈ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ခန့်မှန်းတန်ဖိုးကျပ် ၅ ဒသမ ၂၃၃ ဘီလီယံ ဖမ်းဆီးရမိခဲ့သော်လည်း မေလတွင် ကျပ် ၃ ဒသမ ၆၃၃ ဘီလီယံသာ ဖမ်းဆီးရမိခဲ့သည့်အတွက် ခန့်မှန်းတန်ဖိုး ကျပ် ၁ ဒသမ ၆ ဘီလီယံလျော့နည်းခဲ့သည်ကို တွေ့ရကြောင်း။
- ဖမ်းဆီးရမိလျော့နည်းမှုကို စိစစ်သည့်အခါ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ဖမ်းဆီးရမိမှုမှာ ကျပ် ၁ ဘီလီယံကျော် လျော့နည်းခဲ့သည်ကိုတွေ့ရကြောင်း။
- ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ကျပ် ၀ ဒသမ ၇၂၁ ဘီလီယံကျော် လျော့နည်းသည်ကိုတွေ့ရသည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများအနေဖြင့် စီမံချက်များအတိုင်း ထိထိမိမိတားဆီးစစ်ဆေးဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။
- အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားကြရမည်ဖြစ်ကြောင်း။
- တရားမဝင်ကုန်သွယ်မှု စတင်ရာနေရာ၊ သိုလှောင်ထားရှိသည့်နေရာများနှင့် တင်သွင်းရောက်ရှိပြီး ဖြန့်ဖြူးရန်သိုလှောင်ထားသည့်နေရာများကိုပါ ပုံမှန်၊ ရှောင်တခင်ဝင်ရောက်စစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- စစ်ဆေးရှာဖွေရာတွင်လည်း သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများအပါအဝင် ကန့်သတ်ကုန်ပစ္စည်းများကိုပါ စနစ်တကျရှာဖွေစစ်ဆေးကြရမည်ဖြစ်ကြောင်း။
- ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်ကြောင်း။
- လေလံမပစ်မီ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးသွားလျှင် ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများအချည်းနှီးဖြစ်ရသကဲ့သို့ နိုင်ငံဘဏ္ဍာရရှိမှုလည်း လျော့နည်းသွားမည်ဖြစ်ကြောင်း။
- ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချသွားရမည်

ဖြစ်ပြီး ဖမ်းဆီးရမိ လိုင်စင်ရှိ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးအပ်နှံဆောင်ရွက်သွားကြရန်နှင့် အမှုများအမြန်ဆုံးပြီးပြတ်နိုင်အောင်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

- တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်နေသူအားလုံးသည် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ဖမ်းဆီးအရေးယူရာတွင်လည်း ဥပဒေနှင့်အညီ အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- **အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကုန်သွယ်မှုလမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုကို ရနိုင်သမျှနည်းလမ်းများဖြင့် တားဆီးထိန်းချုပ်သွားကြရမည်ဖြစ်။**
- **တရားမဝင်ကုန်သွယ်မှု စတင်ရာနေရာ၊ သိုလှောင်ထားရှိသည့်နေရာများနှင့် တင်သွင်းရောက်ရှိပြီး ဖြန့်ဖြူးရန် သိုလှောင်ထားသည့်နေရာများကိုပါ ပုံမှန်၊ ရှောင်တခင်ဝင်ရောက်စစ်ဆေးအရေးယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်။**
- **စစ်ဆေးရှာဖွေရာတွင်လည်း သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများအပါအဝင် ကန့်သတ်ကုန်ပစ္စည်းများကိုပါ စနစ်တကျရှာဖွေစစ်ဆေးကြရမည်ဖြစ်။**
- **ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများနိုင်ငံတော်က ရရှိရန်လို။**
- **လေလံမပစ်မီ ဖမ်းဆီးရမိပစ္စည်းများ ပျက်စီးဆုံးရှုံးသွားလျှင် ဖမ်းဆီးပေးသူများ၏ ကြိုးပမ်းအားထုတ်မှုများအချည်းနှီးဖြစ်ရသကဲ့သို့ နိုင်ငံဘဏ္ဍာရရှိမှုလည်း လျော့နည်းသွားမည်ဖြစ်။**
- **ပုပ်သိုးပျက်စီးလွယ်သည့် ကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် လေလံတင်ရောင်းချသွားရမည်ဖြစ်ပြီး ဖမ်းဆီးရမိ လိုင်စင်ရှိ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးအပ်နှံဆောင်ရွက်သွားကြရမည်ဖြစ်။**
- **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပါဝင်နေသူအားလုံးသည် နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး ဖမ်းဆီးအရေးယူရာတွင်လည်း ဥပဒေနှင့်အညီ အားလုံးတစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်။**

# ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDMဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားပါသည်။

## သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏လူသားအရင်းအမြစ်များ မလိုအပ်ဘဲဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့် အတူတည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏ လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်းမပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့ CDM ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ တက်ရောက်ခဲ့။
- သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြား သိရ။
- ၎င်းတို့သည် မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့် အတူတည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏ လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်းမပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရ။
- နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်။
- နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား ဇွန်လ ၂၇ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်း အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၆-၂၀၂၂)**

- ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ တွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းအခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

## (၃၄) ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးကျင်းပ



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၈ ရက်တွင် တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ်၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Apichet Suesat နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat တို့က အမှာစကားများ အသီးသီးပြောကြားပြီးနောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအတွင်းရေးမှူးအဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ-ထိုင်း နယ်ခြားကော်မတီအဖွဲ့ဝင်များက (၃၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးမှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များအား ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- **မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့်(၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Apichet Suesat နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ။**

# အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ






အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ(40th Senior Officials Meeting on Energy (SOME) and Associated Meetings)ကို ဇွန်လ ၂၈ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် Video Conferencing စနစ်ဖြင့် ကြီးမှူးကျင်းပလျက်ရှိရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစွမ်းအင်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်(Head Of Delegation)စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်-

- စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သန့်စင်သောစွမ်းအင်သုံးစွဲရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး၊ စွမ်းအင်ခြိုးခြံချွေတာသုံးစွဲရေး၊ စွမ်းအင်ဖူလုံမှုရှိရေး၊ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့်သုံးစွဲရေး၊ စွမ်းအင်သုံးစွဲမှုဆိုင်ရာစံစနစ်များ လိုက်လျောညီထွေဖြစ်စေရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ။
- စွမ်းအင်ဆိုင်ရာကဏ္ဍခွဲများအပြင် အာဆီယံစွမ်းအင် မူဝါဒချမှတ်သူများအဖွဲ့အစည်းကွန်ရက်၊ အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြှင့်တင်ရေးကဏ္ဍများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်။

အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ၏ ဆွေးနွေးဘက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- **စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ။**
- **စွမ်းအင်ဆိုင်ရာကဏ္ဍခွဲများအပြင် အာဆီယံစွမ်းအင်မူဝါဒချမှတ်သူများ အဖွဲ့အစည်းကွန်ရက်၊ အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြှင့်တင်ရေးကဏ္ဍများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်။**
- **အကြိမ်(၄၀)မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဘက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ခဲ့ကြ။**

## မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ် Anti-Personal Mine Ban Convention (APMBC) ၏ ၂၀၂၂ ခုနှစ်၊ Intersessional Meeting သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ် (APMBC) ၏ ၂၀၂၂ ခုနှစ် Intersessional Meeting သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး၌ APMBC တွင် ပါဝင်သည့် မိုင်းထိခိုက်ဒဏ်ရာရသူများကို ထောက်ပံ့ခြင်း၊ Oslo Action Plan အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Making Every Effort Count: Towards a Successful 2025၊ Fostering Cooper-ation for Rehabilitation တို့ကို ဆွေးနွေးခြင်းနှင့် မိုင်းရှင်းလင်းရေးအပါအဝင် APMBC အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးကြီးသည့် အကြောင်းအရာများ စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့်-

- မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို နေပြည်တော်အပါအဝင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့တွင် ဖွဲ့စည်း၍ ပုံမှန်ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း။
- ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ၆၉၄ ဦးအတွက် စုစုပေါင်း ငွေကျပ် ၁,၃၈၈ သိန်း ထောက်ပံ့ပြီးဖြစ်ပါကြောင်း။
- မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း(UNCRPD)အရ မသန်စွမ်းသူများ၏အခွင့်အရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခြင်းဖြင့် Anti-Personal Mine Ban Convention ကို အကောင်အထည်ဖော်ရာတွင် လက်ရှိဖြစ်ပေါ်တိုးတက်မှုနှင့် ရှုထောင့်အမြင်တို့ကို သိရှိနိုင်ခြင်း၊ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ ဆောင်ရွက်လျက်ရှိသည့် မိုင်းထိပြည်သူများကို ကူညီထောက်ပံ့ခြင်းဆိုင်ရာလုပ်ငန်းအစီအစဉ်တို့ကို လေ့လာသိရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- **မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို နေပြည်တော်အပါအဝင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့တွင် ဖွဲ့စည်း၍ ပုံမှန်ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့။**
- **၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ မိုင်းအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ၆၉၄ ဦးအတွက် စုစုပေါင်း ငွေကျပ် ၁,၃၈၈ သိန်း ထောက်ပံ့ပြီးဖြစ်။**

# (၃၆) ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပ




(၃၆) ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာအထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေး (The 36th ASEAN Head of Specialist Anti-Trafficking Unit-HSU)ကို ဇွန်လ ၂၈ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ပြီး သဘာပတိဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းအားထုတ်မှုများကို ရှင်းလင်းဆွေးနွေးရာတွင်-

- ၂၀၀၅ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရေး သက်ဆိုင်ရာဌာနများ၊ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေပညာရှင်များက ညှိနှိုင်းပြင်ဆင်ရေးဆွဲကာ ကလေးသူငယ်များအပေါ် ကျူးလွန်သည့် လူကုန်ကူးမှုများကို ထိရောက်စွာအရေးယူနိုင်မည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအသစ်ကို ယခုနှစ် ဇွန်လ ၁၆ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။
- (၁၄)ကြိမ်မြောက် COMMIT အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် Regional COMMIT Task Force အစည်းအဝေးများတွင် အမျိုးသားအဆင့်နှင့် နိုင်ငံဖြတ်ကျော် လွှဲပြောင်းညွှန်းပို့မှုယန္တရားရေးဆွဲရန်နှင့် ဒေသခွဲလုပ်ငန်းစီမံချက်(၂၀၁၄-၂၀၁၈) (SPA IV)ကို သက်တမ်းတိုးဆောင်ရွက်ရန်လုပ်ဆောင်နိုင်ခဲ့ကြောင်း ဆွေးနွေးပြောကြားခဲ့။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းကောင်း၊ HSU လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) (မူကြမ်း) နှင့်ပတ်သက်၍လည်းကောင်း၊ (၃၇) ကြိမ်မြောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရေးနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးဆောင်သောကိုယ်စားလှယ်များ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အထူးအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- **(၃၆)ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကို ဇွန်လ ၂၈ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့။**
- **ကလေးသူငယ်များအပေါ် ကျူးလွန်သည့် လူကုန်ကူးမှုများကို ထိရောက်စွာအရေးယူနိုင်မည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့။**

# နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ သာမန်ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေ





ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်လ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအားလည်းကောင်း၊ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် ရုံးလုပ်ငန်းဆောင်ရွက်မှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လိုအပ်သည်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက-

- နိုင်ငံတော်အနေဖြင့် မြို့ပြကဏ္ဍစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ သာမန်ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေသကဲ့သို့ ရန်ကုန်မြို့အား မြို့ပြအဆင့်အတန်းမြှင့်တင်ရန်အတွက် သက်တမ်းလွန်အိမ်ရာစခန်းများအား ပြန်လည်စည်ပင်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လူနေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း။
- ပုဂ္ဂလိကလုပ်ငန်းရှင်များ ရေရှည်ရင်းနှီးမြှုပ်နှံနိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်ရန်၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်နှင့် အငြိမ်းစားယူသည့်အခါတွင် နေထိုင်ရေးအဆင်ပြေစေရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ခဲ့ပြီး ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၁၉,၈၂၅ ခန်း၊ တိုင်းနှင့်ပြည်နယ်များရှိ ဌာနများမှ ဆောက်လုပ်ပြီး ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၁၂၄,၁၈၁ ခန်း၊ စုစုပေါင်း ၁၄၄,၀၀၆ ခန်းရှိပြီဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ၌ နေထိုင်ခွင့်ရရှိသူများသည် အိမ်ငှားရမ်းခအဖြစ် တစ်လလျှင် အရာထမ်းများမှာ ငွေကျပ် ၁၃,၈၀၀၊ အမှုထမ်းများမှာ ငွေကျပ် ၅,၄၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၆-၂၀၂၂)**

- **နိုင်ငံတော်အနေဖြင့် မြို့ပြကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးသင့်အိမ်ရာစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၊ သာမန်ပြည်သူများအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေ။**
- **ရန်ကုန်မြို့အား မြို့ပြအဆင့်အတန်းမြှင့်တင်ရန်အတွက် သက်တမ်းလွန်အိမ်ရာစခန်းများအား ပြန်လည်စည်ပင်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် လူနေထိုင်မှုအဆင့်အတန်းမြှင့်တင် ရေးအတွက် ဆောင်ရွက်ရန်လိုအပ်။**
- **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ၌ နေထိုင်ခွင့်ရရှိသူများသည် အိမ်ငှားရမ်းခအဖြစ် တစ်လလျှင် အရာထမ်းများမှာ ငွေကျပ် ၁၃,၈၀၀၊ အမှုထမ်းများမှာ ငွေကျပ် ၅,၄၀၀ ကျသင့်မည်ဖြစ်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု



**နတ်တလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (CoviShield) ထပ်ဆောင်း Booster Dose ထိုးနှံပေးနေမှု**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ပြည်သူများအား ဦးတည်အုပ်စုများသတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကာကွယ်ဆေးထိုးခြင်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်အပြည့်ကို (၅-၁၈) နှစ်ကျောင်းသား/သူ ၁ ဒသမ ၅၃ သန်း၊ (၁၅-၁၈)နှစ်ပြည်သူ ၀ ဒသမ ၁၁ သန်းနှင့် ၁၈ နှစ်နှင့် အထက်ပြည်သူ ၂၆ ဒသမ ၃၆ သန်းတို့အား ထိုးနှံပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ကို (၅-၁၈) နှစ်ကျောင်းသား/သူ ၃ ဒသမ ၅၆ သန်း၊ (၁၅-၁၈) နှစ်ပြည်သူ ၀ ဒသမ ၁၄ သန်းနှင့် ၁၈ နှစ်နှင့် အထက်ပြည်သူ ၃ ဒသမ ၅ သန်းတို့အား ထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဇွန်လ ၂၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၂,၉၆၁,၆၈၀ ဦးရှိ။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇွန်လ ၂၇ ရက်အထိ လူဦးရေစုစုပေါင်း ၂၆ ဒသမ ၅၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၈ သန်း၊ ပထမအကြိမ်ထိုးနှံပြီးစီးသူ ၇ ဒသမ ၂ သန်းနှင့် Booster ထပ်ဆောင်းထိုးနှံပြီးစီးသူ ၂ ဒသမ ၉ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၆၆ ဒသမ ၁ သန်း ထိုးနှံပြီးဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၂၇ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၄,၉၂၂ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၀.၂၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၇-၆-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၃၅၅,၅၃၀ ခု အားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၃,၅၆၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၆-၂၀၂၂)**

- **ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇွန်လ ၂၇ ရက်အထိ လူဦးရေစုစုပေါင်း ၃၅ ဒသမ ၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၈ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၇ ဒသမ ၂ သန်းနှင့် Booster ထပ်ဆောင်းထိုးနှံပြီးစီးသူ ၂ ဒသမ ၉ သန်း ရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၆၆ ဒသမ ၁ သန်းထိုးနှံပြီးဖြစ်။**
- **၂၇-၆-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၃၅၅,၅၃၀ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၃,၅၆၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးဖြစ်ပြီး ၂၇-၆-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၀.၂၄ ရာခိုင်နှုန်းရှိ။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေသည့်မှတ်တမ်းဓာတ်ပုံများ




ကာမိုင်းမြို့



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်



သာယာဝတီမြို့နယ်



မိုးညိုမြို့နယ်



တောင်ဥက္ကလာပမြို့နယ်



လှိုင်းဘွဲ့မြို့နယ်

# အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ဖြိုမိုင်းခြောက်မှုများ ပြုလုပ်




**ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ လက်လုပ်အသံမိုင်းတစ်လုံးပေါက်ကွဲခဲ့မှု**

NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ၊ ပညာရေးအဆောက်အဦများအား မိုင်းဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

- ဇွန်လ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာရှိ ကျောင်းသူ၊ ကျောင်းသား ၁၉၆ ဦး ပညာသင်ကြားလျက်ရှိသည့် အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ အကြမ်းဖက်သမားများက လက်လုပ်အသံမိုင်းတစ်လုံး ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိ။
- ဇွန်လ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ခြိမ်းခြောက်စာများရေးသားထားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းရှိ ဆရာ၊ ဆရာမများ နားနေဆောင်ရှေ့ ကွန်ကရစ်လျှောက်လမ်းပေါ်တွင် အုတ်ခဲကျိုးအပိုင်းအစဖြင့် ရေးသားထားသည့် ခြိမ်းခြောက်စာများအား တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့။
- ဇွန်လ ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာနေ ညင်းထွေးအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စိန် (၅၃)နှစ်၏ နေအိမ်ခြံစည်းရိုးအနီးတွင် ပလတ်စတစ်အဖြူရောင်အိတ်ဖြင့် ထည့်ထားသော ခြိမ်းခြောက်စာ ၁ စောင်နှင့် ၅.၅၆ ကျည် ၁ တောင့်တို့အား တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရှင်းလင်းခဲ့။

အထက်ပါဖြစ်စဉ်မှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**



ကျောင်းအုပ်ဆရာမကြီး

အတွက်ပဲ ဖြစ်လိမ့်မယ်.

ရပ်တည်ချက်မှန်ကန်ပြီး တော်လှန်ရေးပါစေ . .

ပြည်သူ့ကာကွယ်ရေး

PDF

**တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၌ ကျောင်းအုပ်ဆရာမကြီးတစ်ဦးအား ခြိမ်းခြောက်စာပေးပို့မှု**

- **PDF အကြမ်းဖက်သမားများက ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအရှေ့ ခြံစည်းရိုးအုတ်တံတိုင်းအနီး၌ လက်လုပ်အသံမိုင်းတစ်လုံးဖောက်ခွဲခဲ့ပြီး မြန်အောင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာနှင့် ရေဖြူမြို့နယ်၊ ညင်းထွေးကျေးရွာတို့ရှိ အခြေခံပညာကျောင်းများသို့ ခြိမ်းခြောက်စာများ ပေးပို့ဖြန့်ဝေခဲ့။**

---

## ချောင်းဦးမြို့နယ်၊ မုံရွာ-မန္တလေး ကားလမ်းပေါ်၌ PDF အကြမ်းဖက်သမားများက မိုင်းထောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာများစွာရရှိ

NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။

ထိုသို့အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၂၇ ရက်တွင် မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်နေ မောင်ဖိုးချဲ(၁၇)နှစ် (ဘ)ဦးဇော်ခင်နှင့် မဝင်းဝင်းခိုင်(၁၇)နှစ် (ဘ)ဦးညိုဝင်းတို့ ၂ ဦးသည် ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း၊ ချောင်းဦးမြို့၊ ချောင်းဦးမြောက်ရပ်ကွက်နေ ဒေါ်ခင်ငြိမ်းမြတ် (၂၉)နှစ် (ဘ)ဦးဝင်းကိုသည် ဆိုင်ကယ်တစ်စီးဖြင့်လည်းကောင်း ချောင်းဦးမြို့မှ မုံရွာမြို့သို့ အသီးသီးမောင်းနှင်လာစဉ် ချောင်းဦးမြောက်ရပ်ကွက် မုံရွာ-မန္တလေးကားလမ်းမိုင်တိုင်အမှတ် ၇၀ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြားသို့အရောက်၌ PDF အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန်ရည်ရွယ်၍ ထောင်ထားသည့် ဒေသန္တရလုပ်နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့ပါသည်။

အဆိုပါပေါက်ကွဲမှုကြောင့် ဒေါ်ခင်ငြိမ်းမြတ်တွင် ယာလက်ဖျံမိုင်းစထိမှန်ဒဏ် ရာ ၁ ချက်၊ ယာခြေသလုံးမိုင်းစထိမှန်ဒဏ်ရာ ၁ ချက်၊ မောင်ဖိုးချဲတွင် ဝဲပေါင်မိုင်းစထိမှန်အရိုးကျိုးဒဏ်ရာ ၂ ချက်၊ ဝဲဒူးပွန်းပဲ့ဒဏ်ရာ ၁ ချက်နှင့် မဝင်းဝင်းခိုင်တွင် ဝဲတင်ပါးမိုင်းစထိမှန်ဒဏ်ရာ ၁ ချက်၊ ဦးခေါင်းနောက်စေ့ မိုင်းစထိမှန်ဒဏ်ရာ ၁ ချက်၊ ဝဲပေါင်ရိုးကျိုးဒဏ်ရာ ၁ ချက်တို့ အသီးသီးရရှိခဲ့ပြီး ချောင်းဦးမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပါသည်။

PDF အကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းများ၊ တံတားများအပါအဝင် အများပြည်သူသွားလာအသုံးပြုလျက်ရှိသော နေရာများအား မိုင်းထောင်ခြင်းကဲ့သို့ လူမဆန်သည့် ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိသည့်အတွက် ၎င်းတို့လုပ်ရပ်များအား ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းမပေါ်တွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့များအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

**ချောင်းဦးမြို့နယ်၊ မုံရွာ-မန္တလေး ကားလမ်းပေါ်၌ PDF အကြမ်းဖက်သမားများက ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများ**



ဒေါ်ခင်ငြိမ်းမြတ်(ဒဏ်ရာရ)



ဖိုးချဲ(ဒဏ်ရာရ)



မဝင်းဝင်းခိုင်(ဒဏ်ရာရ)

- **PDF အကြမ်းဖက်သမားများက ချောင်းဦးမြောက်ရပ်ကွက် မုံရွာ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၇၀ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ၂ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့။**
- **PDF အကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်းများ၊ တံတားများအပါအဝင် အများပြည်သူသွားလာအသုံးပြုလျက်ရှိသောနေရာများအား မိုင်းထောင်ခြင်းကဲ့သို့ လူမဆန်သည့် ရာဇဝတ်မှုများကို ကျူးလွန်လျက်ရှိသည့်အတွက် ၎င်းတို့လုပ်ရပ်များအား ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိ။**

## ထီးလင်းမြို့ပေါ်သို့ PDF အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ရာ ပြည်သူများ၏နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲ

ဇွန်လ ၂၆ ရက်တွင် PDF အကြမ်းဖက်သမားများက မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ အမှတ်(၁)ရပ်ကွက်ရှိ ဦးအောင်သန်းဝင်း၏ နေအိမ်ပေါ်သို့ ဖုံးသီးများကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်းအပါအဝင် ဇနီးဒေါ်ကြည်တင်နှင့် သမီးဖြစ်သူ မယမင်းအိတို့တွင် ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထီးလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် အစိုးရအုပ်ချုပ်ရေးယန္တရားများရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့နယ်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ အဆောက်အဦများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းများသည် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်သဖြင့် အပြစ်မဲ့ပြည်သူများ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများကြောင့် ပြည်သူတစ်ရပ်လုံးက ၎င်းတို့၏လုပ်ရပ်များအပေါ် ဝေဖန်ပြစ်တင်ရှုတ်ချ၍ ရွံရှာမုန်းတီးလျက်ရှိပါသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့ရွာများအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့သည့်အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၆-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက ထီးလင်းမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ အမှတ်(၁)ရပ်ကွက်ရှိ ဦးအောင်သန်းဝင်း၏ နေအိမ်ပေါ်သို့ ဖုံးသီးများကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်းတို့မိသားစုဝင် ၃ ဦးတွင် ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး သေဆုံးသွားခဲ့။**

---

## အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် တိုက်ခန်းအတွင်း လက်လုပ်မိုင်းတပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွား

ဇွန်လ ၂၆ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန် သွားရောက်စဉ် အေ(၁၀)လမ်းအတိုင်း ထွက်ပြေးလာသည့် ထန်းတပင်မြို့နယ်၊ မြစ်မီးရောင်ရပ်ကွက်နေ ကောင်းသန့်(၁၈)နှစ်အား ဝဲယာလက် ပေါက်ပြဲဒဏ်ရာများဖြင့်လည်းကောင်း၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်နေ အောင်အောင်(၂၄)နှစ်အား မျက်နှာ၊ ရင်ဘတ်၊ ပခုံး၊ ဝဲဘက်လက်နှင့် ခြေထောက်တို့၌ ထိခိုက်ဒဏ်ရာများဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့ ၂ ဦးနှင့်အတူ ကျော်စွာသည် တိုက်(၁၆)၊ အခန်း(၄၀၂)အတွင်း၌ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ကျော်စွာမှာ အခန်းအတွင်း၌ သေဆုံးကာ ၎င်းတို့ ၂ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အဆိုပါအခန်းအတွင်း ဝင်ရောက်စစ်ဆေးခဲ့ရာ ကျော်စွာမှာ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေပြီး အခန်းအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားပြီး ဓာတ်ခဲ ၂ လုံး၊ Keypad ဖုန်း ၁ လုံးတို့ဖြင့် ချိတ်ဆက်ထားသည့် မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း ၁ လုံးအား ထပ်မံတွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရှိရပါသည်။

အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် လက်လုပ်မိုင်းပြုလုပ်နည်း၊ မိုင်းထောင်နည်းများအား တိုင်းရင်းသားလက်နက်ကိုင်နယ်မြေများတွင် အချိန်တိုကာလအတွင်း သင်ကြားခြင်း၊ ဆိုရှယ်မီဒီယာမှတစ်ဆင့် online အသုံးပြုသင်ကြားခဲ့ခြင်းတို့ကြောင့် ကျွမ်းကျင်စွာတတ်မြောက်မှုမရှိသဖြင့် ယခုကဲ့သို့ မိုင်းထောင်စဉ် ပေါက်ကွဲမှုများဖြစ်ပွားကာ သေဆုံး

မှုများမကြာခဏဖြစ်ပွားလျက်ရှိပြီး ယနေ့အထိ ဖြစ်စဉ် ၄၀ ကြိမ်ရှိပြီး သေဆုံးသူ ၄၅ ဦး၊ ဒဏ်ရာရရှိသူ ၃၆ ဦး ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါဖမ်းဆီးရမိခဲ့သူ ၂ ဦးအား မြောက်ဥက္ကလာပ မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုပေးလျက် ရှိပြီး အကြမ်းဖက်မှုလုပ်ရပ်၌ ပူးပေါင်းပါဝင်ပတ်သက်သူများအား ဆက်လက်ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၆-၂၀၂၂)**

## အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် တိုက်ခန်းအတွင်း လက်လုပ်မိုင်းတပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ဒဏ်ရာရသေဆုံးခဲ့သည့် တရားခံများ



**တရားခံ အောင်အောင်**



**တရားခံ ကျော်စွာ**



**တရားခံ ကောင်းသန့်**

- **ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အကြမ်းဖက်သမား ၃ ဦးက အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် တိုက်ခန်းအတွင်း လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သမား အမျိုးသားတစ်ဦးသေဆုံးပြီး ၂ ဦးအား ထိခိုက်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့။**
- **အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်ရန် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားကာ ဒဏ်ရာရသေဆုံးမှုများ မကြာခဏဖြစ်ပွားလျက်ရှိပြီး ယနေ့အထိ ဖြစ်စဉ် ၄၀ ကြိမ်ရှိပြီး သေဆုံးသူ ၄၅ ဦး၊ ဒဏ်ရာရရှိသူ ၃၆ ဦးရှိပြီဖြစ်။**

---

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် Burma Final Revolution Armed Force- BFRAF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုအား မလိုလားသောပြည်သူများ၏ သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ဇွန်လ ၂၆ ရက်အထိ Burma Final Revolution Armed Force- BFRAF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင် ရဲနောင်ထွန်း (ခ)Demon အပါအဝင် ၇ ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန်လ ၂၆ ရက် ညပိုင်းတွင် BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ရှုမောင်မောင်အောင်၊ ၎င်းနှင့်တရားမဝင်ပေါင်းသင်းနေသူ သင်းရနံ့လှိုင်၊ ထက်လင်းနိုင်၊ ၎င်းနှင့်တရားမဝင် ပေါင်းသင်းနေသူ အေးသီရိမိုး၊ ဝေယံဖြိုး၊ ၎င်းနှင့်တရားမဝင်





**၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ**

ပေါင်းသင်းနေသူ ဇွန်ပွင့်ခင်ဦး၊ ကျော်ဇင်သိန်း၊ ၎င်းနှင့်တရားမဝင် ပေါင်းသင်းနေသူ ဖြူဖြူသွယ်၊ ကောင်းဆက်သူ၊ ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေသူ ခင်သန္တာလွင်နှင့် ဝေယံမိုးဦး(ခ) ဂျင်မီတို့ ၁၁ ဦးသည် ရွှေပြည်သာမြို့နယ်ရှိ တိုက်ခန်း၌ ပါတီပွဲကျင်းပ၍ မူးယစ်သောက်စားနေစဉ် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၃ ဦး၊ မ ၅ ဦး၊ စုစုပေါင်း ၁၈ ဦးတို့အား Sigsauer ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ပွိုင့်-၃၈၀ကျည် ၅၀ တောင့်၊ လက်လုပ်မိုင်း ၇၅ လုံး၊ လမ်းလျှောက်စကားပြောစက် ၂ လုံး၊ ၅ ဂါလံဆံ့အက်ဆစ်ပုံး ၃ ပုံး၊ ၂ ဂါလံဆံ့ အက်ဆစ်ပုံး ၂ ပုံး၊ Keypad ဖုန်း ၁ လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ လှုပ်ရှားဆောင်ရွက်မှုများအနေဖြင့်-

- ၂၀၂၁ ခုနှစ်၊ ဇွန်လပထမပတ်တွင် ရဲနောင်ထွန်း(ခ)Demon၊ ရဲမင်းဟိန်း (ခ)ရဲဖြိုးအောင်(ခ)ရဲကြီးတို့သည် KIA ဗဟိုဌာနချုပ်ရှိရာ လိုင်ဇာမြို့၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၇ ရက်တက်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လတတိယပတ်တွင် BFRAF အမည်ခံအကြမ်းဖက်အဖွဲ့အား ရဲနောင်ထွန်း(ခ)Demon၊ ရဲမင်းဟိန်း(ခ)ရဲဖြိုးအောင်(ခ)ရဲကြီး၊ ရန်နိုင်ထူး(ခ)နဂါးလေးတို့ ခေါင်းဆောင်၍ အင်အား ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောငွေကြေးနှင့် ဖောက်ခွဲရေးပစ္စည်းများအား CRPH ၊ NUG အကြမ်းဖက်အဖွဲ့များထံမှ ရရှိခဲ့ကြောင်း။
- ရှုမောင်မောင်အောင်သည် KLNA တပ်မဟာ(၃)နယ်မြေ၌လည်းကောင်း၊ ဝေယံဖြိုး၊ ဝေယံမိုးဦး(ခ)ဂျင်မီနှင့် ခင်သန္တာလွင်တို့သည် တိုက်ကြီးမြို့နယ်အနီးရှိ တောတွင်းတစ်နေရာ၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၁ လတက်ရောက်ခဲ့ကြောင်း။

BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ၁၁ ကြိမ် ကျူးလွန်ခဲ့ကြောင်း အောက်ပါအတိုင်း ဖော်ထုတ်သိရှိရပါသည်-

- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် သာကေတမြို့နယ်ရှိ အမှတ်(၁)မြို့မရဲစခန်းအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၅)ရပ်ကွက်၊ ဖေယျာသုခလမ်းနှင့် သပြေညိုလမ်းထောင့်၌ လက်လုပ်မိုင်း ၁ လုံးဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဒေါပုံမြို့နယ်၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနီးရှိ သဘော်ကျင်းမှတ်တိုင်၌ လက်လုပ်မိုင်း ၁ လုံး ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် သာကေတမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြင်တော်သာလမ်းရှိ မြို့နယ်စည်ပင်သာယာရေးရုံးအား လက်လုပ်မိုင်း ၁ လုံးပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအား လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။





**၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ရွှေပြည်သာမြို့နယ်၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ**



**၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် သာကေတမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ စာတိုက်(၂)လမ်း၊ အိမ်အမှတ်(ခ/၁၆)၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ**

- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဒေါပုံမြို့နယ်ရှိ သင်္ဘောကျင်းရဲစခန်းအား လက်လုပ်မိုင်း ၁ လုံး ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် သာကေတမြို့နယ်ရှိ မြို့နယ်လျှပ်စစ်ရုံးအား လက်လုပ်မိုင်း ၁ လုံးပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် သာကေတမြို့နယ်၊ ရန်အောင်ရပ်ကွက်၌ လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် လှိုင်သာယာမြို့နယ်ရှိ ဝါဝါဝင်းဆောက်လုပ်ရေးမုခ်ဦးအား လက်လုပ်မိုင်း ၂ လုံး ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်တွင် အလုံမြို့နယ်၊ ရေဝတီရပ်ကွက်၊ သခင်မြပန်းခြံဘေးရှိ YBS (၅၆)ဂိတ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်တစ်စီးအား လက်လုပ်မိုင်းဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် BFRAF အဖွဲ့ဝင်များဖမ်းဆီးရမိမှု



ရဲနောင်ထွန်း(ခ)Demon



ရဲမင်းဟိန်း(ခ)
ရဲဖြိုးအောင်(ခ)ရဲကြီး



ကျော်စွာထက်(ခ)
ပေါ်လာ



ရန်နိုင်ထူး(ခ)နဂါးလေး



ဇင်ကိုဦး



ချစ်မိုး(ခ)
ကျော်သက်ဝေ



စန်းလွင်



ရှုမောင်မောင်အောင်



ထက်လင်းနိုင်



ဝေယံဖြိုး



ကျော်ဇင်သိန်း



ကောင်းဆက်သူ



ဝေယံမိုးဦး(ခ)ဂျင်မီ



သင်းရနံ့လှိုင်
(ရှုမောင်မောင်အောင်
နှင့်တရားမဝင်
ပေါင်းသင်းနေသူ)



အေးသီရိမိုး
(ထက်လင်းနိုင်နှင့်
တရားမဝင်
ပေါင်းသင်းနေသူ)



ဖွန်ပွင့်ခင်ဦး
(ဝေယံဖြိုးနှင့်
တရားမဝင်
ပေါင်းသင်းနေသူ)



ဖြူဖြူသွယ်
(ကျော်ဇင်သိန်းနှင့်
တရားမဝင်
ပေါင်းသင်းနေသူ)




ခင်သန္တာလွင်
(ကောင်းဆက်သူနှင့်
တရားမဝင်
ပေါင်းသင်းနေသူ)

- ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် Burma Final Revolution Armed Force- BFRAF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် (၁၈)ဦးအား Sigsauer ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ပွိုင့်-၃၈၀ ကျည် ၅၀ တောင့်၊ လက်လုပ်မိုင်း ၇၅ လုံး၊ လမ်းလျှောက်စကားပြောစက် ၂ လုံး၊ ၅ ဂါလံဆံ့အက်ဆစ်ပုံး ၃ ပုံး၊ ၂ ဂါလံဆံ့ အက်ဆစ်ပုံး ၂ ပုံး၊ Keypad ဖုန်း ၁ လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။
- ဖမ်းဆီးရမိ တရားခံများသည် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောငွေကြေးနှင့် ဖောက်ခွဲရေးပစ္စည်းများအား CRPH ၊ NUG အကြမ်းဖက်အဖွဲ့များထံမှ ရရှိခဲ့။
- BFRAF အမည်ခံ အကြမ်းဖက်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ၁၁ ကြိမ် ကျူးလွန်ခဲ့။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း BFRAF အဖွဲ့ဝင်များက အကြမ်းဖက်လုပ်ငန်းများကျူးလွန်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် သာကေတမြို့နယ်ရှိ အမှတ်(၁)မြို့မရဲစခန်းအား ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် လက်လုပ်မိုင်း

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် သာကေတမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြင်တော်သာလမ်းရှိ မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ မိုင်းပေါက်ကွဲမှု




၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် သာကေတမြို့နယ်ရှိ မြို့နယ်လျှပ်စစ်ရုံး၌ လက်လုပ်မိုင်းပေါက်ကွဲမှု

# ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၉)အား ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ




**၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ၂၆ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြားရှိ ကမ္ဘောဇဘဏ်ခွဲ(၉)အား ဓါးပြတိုက်ခံရမှု**

ဇွန်လ ၁၇ ရက်တွင် ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့မှ အကြမ်းဖက်သမား ၆ ဦးသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြားရှိ ကမ္ဘောဇဘဏ်ခွဲ (၉)သို့ ဝင်ရောက်၍ ဘဏ်ဝန်ထမ်းများအား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ငွေကျပ် ၄၄၉ သိန်းအား ဓားပြတိုက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန်လ ၂၂ ရက်တွင် ညောင်ဦးမြို့၊ သာယာဝတီရပ်၊ အမှတ်(၁) ရပ်ကွက်၌ ဘဏ်ဓားပြတိုက်မှု ကျူးလွန်ခဲ့သည့် ကောင်းခန့်နောင်၊ သန်းထွန်းဇော်၊ မျိုးမင်းသန့်၊ ပပလင်း၊ သဉ္ဇာလင်းနှင့် လဲ့လဲ့ဝေတို့ ၆ ဦးအား ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်နှင့် စိစစ်ဖော်ထုတ်ချက်အရ-

- ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၉)အား ရတနာပုံတော်လှန်ရေး အမည်ခံအကြမ်းဖက်အဖွဲ့မှ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်ခေါင်းဆောင်၍ ကောင်းခန့်နောင်နှင့် သန်းထွန်းဇော်တို့အပါအဝင် ၆ ဦးမှ ပစ္စတို ၂ လက်ဖြင့် ကမ္ဘောဇဘဏ်ခွဲ(၉)သို့ ဝင်ရောက်၍ ငွေကျပ် ၄၄၉ သိန်းအား ဓားပြတိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်သည် ညောင်ဦးမြို့ဘက်သို့ ထွက်ပြေးတိမ်းရှောင်နေရာမှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိနေကြောင်း ဖော်ထုတ်သိရှိရ။
- ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်အား ဆက်လက်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန်လ ၂၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၈၄ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားရှိ Lotteria ကြက်ကြော်ဆိုင်၌ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်အား တွေ့ရှိသဖြင့် ဖမ်းဆီးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်ထွက်ပြေးသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်အား Glock အမျိုးအစား ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၂ ခု၊ ၉ မမ ကျည် ၁၉ တောင့်တို့နှင့်အတူ အသေဖမ်းဆီးရမိခဲ့။
- သန်းထွန်းဇော်၊ ကောင်းခန့်နောင်၊ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်တို့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ခရိုင်၊ ကနီမြို့နယ်ရှိ ကနီ PDF အကြမ်းဖက်အဖွဲ့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း ၁ လ တက်ရောက်ခဲ့ပြီး ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့အား ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်မှခေါင်းဆောင်၍ အင်အား ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း။
- ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့အား နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရေး အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်၊ အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ သတ်ဖြတ်ရန်နှင့် ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဓားပြတိုက်၍ ငွေကြေးများရယူရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**

**၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၅ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၅၄ လမ်း၊ ၃၅ x ၃၆ လမ်းကြားရှိ Lotteria ကြက်ကြော်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည့် တရားခံ၏မှတ်တမ်းဓာတ်ပုံ**



တရားခံ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော် (သေဆုံး)



တရားခံ ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်နှင့်အတူ ဖမ်းဆီးရမိသည့် Glock အမျိုးအစား ပစ္စတို ၁ လက်

- ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၉)အား ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများအနက် ဘဏ်ဓားပြတိုက်မှုကျူးလွန်ခဲ့သည့် တရားခံ ၆ ဦး အား ဖမ်းဆီးရမိခဲ့ပြီး ခေါင်းဆောင်ဖြစ်သူအား အသေဖမ်းဆီးရမိခဲ့။
- ရတနာပုံတော်လှန်ရေး အမည်ခံအကြမ်းဖက်အဖွဲ့အား နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရေး အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်၊ အပြစ်မဲ့ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲ၍ သတ်ဖြတ်ရန်နှင့် ဘဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား ဓားပြတိုက်၍ ငွေကြေးများရယူရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်။

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ ကမ္ဘောဇဘဏ်ခွဲ(၉)အား ဓါးပြတိုက်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု

ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင်



ဆရာစွမ်း(ခ)ထက်ရှိုင်းဇော်

ရတနာပုံတော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့၊ အဖွဲ့ဝင်များ



ကောင်းခန့်နောင်



သန်းထွန်းဇော်

ဘဏ်ဓါးပြတိုက်မှု ကျူးလွန်ခဲ့သည့် ဆက်စပ်တရားခံများ



မျိုးမင်းသန့်



ပပလင်း



သဥ္ဇာလင်း



လှဲ့လှဲ့ဝေ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇွန်လ ၂၂ ရက်မှ ၂၈ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၈ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၉ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၅ ဦး၊ မွန်ပြည်နယ်၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦး၊ ချင်းပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၃ ဦး စုစုပေါင်း ၆၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဇွန်လ ၂၈ ရက်ထိ စုစုပေါင်း ၅၆၇ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၂)**

- **ဇွန်လ ၂၂ ရက်မှ ၂၈ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၈ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၉ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၅ ဦး၊ မွန်ပြည်နယ်၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦး၊ ချင်းပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၃ ဦး စုစုပေါင်း ၆၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဇွန်လ ၂၈ ရက်ထိ စုစုပေါင်း ၅၆၇ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**